Chin National Front
General Headquarters
CHINLAND

# ကရင် အမျိုးသားခေါင်းဆောင် ပဒိုမန်းရှာလဖန်းကွယ်လွန်သွားခြင်းအပေါ် ချင်းအမျိုးသားတပ်ဦး၏ အထူးဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၀၈ ခုနှစ်။ ဖေဖော်ဝါရီလ (၁၆) ရက်နေ့

ကရင်အမျိုးသားအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလဖန်း (၆၅) နှစ်သည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် မသမာသူ လူရမ်းကားတစု၏ လုပ်ကြံခြင်းခံရကြောင်း ကြားသိရသဖြင့် ၎င်း၏ မိခင်အဖွဲ့အစည်း၊ မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

ပဒိုမန်းရှာ ဆုံးပါးသွားခြင်းသည် ကရင်အမျိုးသားပြည်သူ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း၊ ဒီမိုကရေစီအင်အားစုများ၊ ဒီမိုကရေစီဘက်တော်သားများအတွက် ပြန်လည်အစားထိုးမရသော မဟာဆုံးရှုံးမှုပင်ဖြစ်ပြီး ဤလူရမ်းကားတို့၏ လုပ်ရပ်အား ပြင်းထန်စွာရှုတ်ချသည်။

ကွယ်လွန်သူ ခေါင်းဆောင်ကြီး ပဒိုမန်းရှာသည် ကရင်အမျိုးသားများနှင့် တခြားတိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားတော်လှန်တိုက်ပွဲတွင် ရှေ့တန်းမှ မားမား မတ်မတ် ရပ်တည်ခဲ့သူ ဖြစ်ပြီး အမျိုးသားရေးအတွက်၎င်း၏ ပေးဆပ်မှု၊ ကိုယ်ကျိုးစွန့်မှု အပေါ် အထူး လေးစားဂုဏ်ယူကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားရေး၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသူ တော်လှန်ရေးရဲဘော် ရဲဖက်များအနေဖြင့် ခေါင်းဆောင်ကြီး၏ အမျိုးသားရေး လက်ကျန် တာဝန်များကို ထမ်းဆောင်ကြရာတွင် ရဲဘော် ရဲဖက်စိတ်ဓါတ်ကို မွေးလျက် သွားလေသူ ပဒိုမန်းရှာ ကဲ့သို့သော ခေါင်းဆောင်မှုမျိုးအားဖြင့် တိုက်ပွဲဝင်သင့်ကြောင်းနှင့် ပဒိုကဲ့သို့သော ခေါင်းဆောင်ကောင်းများ ကရင်အမျိုးသားများနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ပြန်လည်ပေါ်ပေါက်ပါစေကြောင်း ဤဝမ်းနည်း သဝဏ်လွှာကို ရေးသားလိုက်ရသည်။

ခေါင်းဆောင်ကြီး ကောင်းရာသုဂတိသို့ လားပါစေသော်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း